
# အမျိုးသမီးများဆိုင်ရာ အချက်အလက်


## ၂၀၂၃ ခုနှစ် မေ လ



၂၀၂၃ ခုနှစ် မေလအတွင်း ဖမ်းဆီးထိန်းသိမ်းခံရသည့် အမျိုးသမီး အရေအတွက် တိုးလာလျှက်ရှိ သကဲ့သို့ ပြစ်ဒဏ်ချခံရသူနှင့် သေဆုံးသူ အမျိုးသမီး အရေအတွက်တို့မှာလည်း များပြားနေဆဲဖြစ်သည်။ အကြမ်းဖက်စစ်တပ် အာဏာသိမ်းသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် နေ့မှ စ၍ ၂၀၂၃ ခုနှစ် မေလ ၂၉ ရက်နေ့ထိ အကြမ်းဖက်စစ်တပ်၏ မတရား ဖမ်းဆီး ထိန်းသိမ်းခြင်း ခံရသည့် အမျိုးသမီး စုစုပေါင်း **(၃၅၁၇) ဦး** ထိ ရှိခဲ့သည်။ ထိုသို့ ဖမ်းဆီး ထိန်းသိမ်းခံ ထားရသည့် အမျိုးသမီး **(၈၅၉) ဦး** သည် မတရားပြစ်ဒဏ်ချမှတ်ခြင်းကို ခံနေကြရသည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ် မေလအတွင်းတွင် အကြမ်းဖက်စစ်တပ်၏ တဖက်သတ်အမိန့်ချ၍ ထောင်ဒဏ်ချခံရသည့် အမျိုးသမီး **(၄၀) ဦး** ထိ ရှိသည်။





၂၀၂၃ ခုနှစ် မေလ အတွင်း ဖမ်းဆီးခံရသူ အများစုသည် မည်သည့် စွပ်စွဲချက်ဖြင့် ဖမ်းဆီးသည်ကို အတည်ပြုနိုင်ခြင်းမရှိ သကဲ့သို့ အချို့အမျိုးသမီးများသည် အကြမ်းဖက်စစ်တပ် နှင့် ၎င်းတို့၏ အပေါင်းအပါများအား လူမှုကွန်ယက်စာမျက်နှာတွင် ဆန့်ကျင်သည့် အရေးအသားများရေးခြင်း နှင့် ပိုစ့်များ ရှဲခြင်းတို့ကြောင့် ဖမ်းဆီးခံရခြင်း ဖြစ်သည်။ ထို့အပြင် အကြမ်းဖက်စစ်တပ် လက်အောက်ခံ ဝန်ထမ်းများ ပစ်သတ်ခံရပါက ဒေသခံနေအိမ်များသို့ ညအချိန် ဝင်ရောက်စီးနင်း၍ မသင်္ကာဖွယ်ရာများ တွေ့ရှိပါက အမျိုးသမီးများအပါအဝင် မိသားစုဝင်များကို ဖမ်းဆီးမှုများလည်း ရှိသည်။




မေ ၁ ရက်နေ့မှ ၂၉ ရက်နေ့ အတွင်း အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်း ခံရသည့် အမျိုးသမီး စုစုပေါင်း **(၄၄) ဦး** ထိရှိခဲ့သည်။ ထိုသို့ ဖမ်းဆီးခံထားရသည့် အမျိုးသမီးများသည် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ ချင်းပြည်နယ်၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ မန္တလေးတိုင်းနှင့် မွန်ပြည်နယ် တို့မှဖြစ်သည်။ ဖမ်းဆီးခံရသူများတွင် မန္တလေးတိုင်းမှ **(၁၃) ဦး** ဖြင့် အများဆုံးဖြစ်၍ (၁၀) ဦး ဖြင့် တနင်္သာရီတိုင်း မှ ဒုတိယ အများဆုံးဖြစ်သည်။

ထို့အပြင် အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းမှု ကာလအတွင်း အမျိုးသမီး စုစုပေါင်း **(၅၄၂) ဦး** အသက် ဆုံးရှုံးခဲ့ကြရသည်။ ၂၀၂၃ ခုနှစ် မေလ (၁) ရက်နေ့ မှ (၂၉) ရက်နေ့ အတွင်း တွင် အမျိုးသမီး **(၂၉) ဦး** ထိ သေဆုံးခဲ့ရသည်။ ထိုကဲ့သို့ အသက်ဆုံးရှုံးရသည့် အမျိုးသမီး **(၁၄) ဦး** သည် အကြမ်းဖက်စစ်တပ်မှ အရပ်သားပြည်သူများ နေအိမ်များသို့ ဝင်ရောက် စီးနင်းချိန်အတွင်း ဖမ်းဆီး၍ နေအိမ်များနှင့် ထိုအမျိုးသမီးများအား အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့ခြင်းကြောင့်ဖြစ်သည်။ အမျိုးသမီး **(၈) ဦး** သည် အကြမ်းဖက်စစ်တပ်၏ ဝေဟင်မှ ဗုံးကြဲ တိုက်ခိုက်ခြင်းကြောင့် သေဆုံးရခြင်းဖြစ်၍ **(၆) ဦး** သည် ပစ်သတ်ခံရ၍ ကျန် **(၁) ဦး** သည် လက်နက်ကြီး ထိမှန်၍ သေဆုံးခဲ့ရသည်။




ယခုအစီရင်ခံစာသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)၏ အချက်အလက်များကို အဓိက မှီငြမ်းကိုးကားထားသည့်အပြင် ခိုင်လုံသော သတင်းမီဒီယာများမှ ထုတ်ဖော်ရေးသားသည့် သတင်း အချက်အလက်များအပေါ် အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂ မှ စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများ ရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။